# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 10 , 2023 | Volume 64, Number 7


၁၀.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၈၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၉.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၁၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၉၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၄.၆၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၉၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂၀၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


### နှစ်ပေါင်း ၃၄ နှစ်နီးပါးအတွင်း သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉၄ ဒသမ ၇၈ ဘီလျံကျော် ဝင်ရောက်ခဲ့ပြီး စွမ်းအင်ကဏ္ဍတွင် အများဆုံးဖြစ်

နှစ်ပေါင်း ၃၄ နှစ်နီးပါးအတွင်း သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉၄ ဒသမ ၇၈ ဘီလျံကျော် ဝင်ရောက်ခဲ့ပြီး စွမ်းအင်ကဏ္ဍတွင် အများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၁၉၈၈-၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁၁ လအတွင်း မြန်မာနိုင်ငံအတွင်းသို့ ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုကို လေ့လာကြည့်ပါက စွမ်းအင်ကဏ္ဍတွင် ဒေါ်လာ ၂၆၁၆၇ ဒသမ ၁၉၉ သန်း(၂၆ ဒသမ ၁၆၇ ဘီလျံကျော်)၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဒေါ်လာ ၂၂၇၇၃ ဒသမ ၃၉၂ သန်း(၂၂ ဒသမ ၇၇၃ ဘီလျံကျော်)၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ဒေါ်လာ ၁၃၃၀၉ ဒသမ ၈၉၀ သန်း (၁၃ ဒသမ ၃၀၉ ဘီလျံကျော်)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၁၃၄၅ ဒသမ ၄၈၇ သန်း (၁၁ ဒသမ ၃၄၅ ဘီလျံ ကျော်)၊ အိမ်ခြံမြေကဏ္ဍတွင် ဒေါ်လာ ၆၅၉၂ ဒသမ ၉၆၄ သန်း (၆ ဒသမ ၅၉၂ ဘီလျံကျော်)၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဒေါ်လာ ၃၂၈၂ ဒသမ ၈၃၇ သန်း (၃ ဒသမ ၂၈၂ ဘီလျံကျော်)၊ သတ္တုကဏ္ဍတွင် ဒေါ်လာ ၂၉၁၃ ဒသမ၂၈၅ သန်း(၂ ဒသမ ၉၁၃ ဘီလျံကျော်)၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် ဒေါ်လာ ၉၄၅ ဒသမ ၇၀၈ သန်း၊ စက်မှုဇုန်ကဏ္ဍတွင် ဒေါ်လာ ၆၂၁ ဒသမ ၇၈၂ သန်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဒေါ်လာ ၄၅၀ ဒသမ ၃၈၁ သန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၀၂ ဒသမ ၇၆၇ သန်းနှင့် ဝန်ဆောင်မှုကဏ္ဍတွင် ဒေါ်လာ ၄၀၈၈ ဒသမ ၃၈၃ သန်းဖြင့် ဒေါ်လာ ၉၂၅၉၄ ဒသမ ၀၇၅ သန်း (၉၂ ဒသမ ၅၉၄ ဘီလျံကျော်)ဝင်ရောက်ခဲ့သည်။

အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ဒေါ်လာ ၂၁၉၀ ဒသမ ၇၉၀ သန်း(၂ ဒသမ ၁၉၀ ဘီလျံကျော် ) ဝင်ရောက်ခဲ့သဖြင့် ၃၄ နှစ်နီးပါးအတွင်း စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၉၄၇၈၄ ဒသမ ၈၆၅ သန်း(၉၄ ဒသမ ၇၈၄ ဘီလျံကျော်)ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ဧပြီမှဇန်နဝါရီလကုန်အထိ ၁၀ လအတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံအလိုက် ဝင်ရောက်မြှုပ်နှံမှုအနေဖြင့် စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၁၅၇ ဒသမ ၅၅၃ သန်း၊ Belize ကဒေါ်လာ ၁ ဒသမ ၅ သန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ တစ်သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၀၅ ဒသမ

၅၅၂ သန်း၊ တိုင်ပေက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ၄ ဒသမ ၁၁၃သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ၁၆၅ဒသမ ၁၀၉သန်း၊ အိန္ဒိယက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁ ဒသမ ၅၄၅ သန်း၊ ဂျပန်နိုင်ငံက ၂၁ ဒသမ ၄သန်း၊ R.O.K က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၅ ဒသမ ၄ သန်း၊ Samoa က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၀ ဒသမ ၃၈၉ သန်း၊ Seychelles က ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၀ ဒသမ ၃၃၈ သန်း၊ ဆွစ်ဇာလန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၄ ဒသမ ၆၇၇ သန်း၊ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာခြောက်သန်း၊ U.K က ဒေါ်လာ၂ ဒသမ ၀၅၆ သန်းဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၁၄၇၆ ဒသမ ၆၃၁ သန်း ဝင်ရောက် မြှုပ်နှံထားခြင်းဖြစ်သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(Mini Budget) ခြောက်လအတွင်း နိုင်ငံအလိုက် ဝင်ရောက်မြှုပ်နှံမှုအနေဖြင့် စင်ကာပူက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၉၇ ဒသမ ၃၄၉ သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၄၂ ဒသမ ၁၃၇ သန်း၊တိုင်ပေက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၈ ဒသမ ၆၄၁ သန်း၊ပြင်သစ်က ဒေါ်လာ ၀ ဒသမ ၄၉၇ သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၀၉ ဒသမ ၁၄၀ သန်း၊ အိန္ဒိယနိုင်ငံက ဒေါ်လာ ၀ ဒသမ ၅၅၀ သန်း၊ အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၄ ဒသမ ၅၃၀ သန်း၊မလေးရှားက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၀ ဒသမ ၃၁၂ သန်း စသည်ဖြင့် ဝင်ရောက်ထားသည်။

**Source:** https://news-eleven.com/article/245425

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်( ၁-၃-၂၀၂၃ မှ ၉-၃-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆင်ဖြူကျွန်း A1 ကျပ် ၁၅၀၀၊ ဆင်ဖြူကျွန်း OK ကျပ် ၁၅၀၀၊ ဆင်ဖြူကျွန်း S1 ကျပ် ၁၂၀၀၊ ဆင်ဖြူကျွန်း S2 ကျပ် ၁၂၀၀၊nဆင်ဖြူကျွန်းS3 ကျပ် ၁၂၀၀၊ ပခုက္ကူအာလူး ကျပ် ၂၀၅၀ နှင့် တရုတ်(သဲသီး) ကျပ် ၂၁၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်း A1 ကျပ် ၁၀၀၊ ဆင်ဖြူကျွန်း OK ကျပ် ၄၀၀၊ ဆင်ဖြူကျွန်း S1 ကျပ် ၇၀၀၊ ဆင်ဖြူကျွန်း S2 ကျပ် ၂၀၀ နှင့် ဆင်ဖြူကျွန်း S3 ကျပ်၂၀၀၊ တရုတ်(သဲသီး) ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၆၉စီး (၄၁၄၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၅၅စီး ( ၃၃၀၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၄စီး ( ၈၄၀၀၀ ပိဿာ )လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်သားမြို့နှင့်ဆိပ်ဖြူမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ မြစ်သားရှယ်(သစ်) ကျပ် ၁၆၅၀ ၊ မြစ်သားလတ်ကြီး ကျပ် ၁၆၅၀ ၊ မြစ်သားလတ်သန့် ကျပ် ၁၆၅၀ ၊ မြစ်သားလတ်ချော ကျပ် ၁၄၅၀ ၊ ဆိပ်ဖြူရှယ်(သစ်) ကျပ် ၁၂၇၅ ၊ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၇၅ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၇၅ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၁၇၅ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြစ်သားရှယ်(သစ်) ကျပ် ၁၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၁၀၀ ။ မြစ်သားလတ်ချော ကျပ် ၁၀၀ ၊ ဆိပ်ဖြူရှယ်(သစ်) ကျပ် ၁၅၀ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၅ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၅ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၂၅ အသီးသီးဈေးကျဆင်းခဲ့ပြီး မြစ်သားလတ်သန့် ကျပ် ၅၀ ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၈၅ (၁၁၁၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၃၉ စီး (၁၄၃၄၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၅၄ စီး( ၃၂၀၀၀၀ ပိဿာ ) ပိုမို ဝင်ရောက်ခဲ့ကြောင်း သိရသည်။

## ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၃၇၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၄၁၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၄၅၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၄၇၀၀ နှင့် အောင်ပန်း ထူး-၅ ကျပ် ၄၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး၊ အောင်ပန်း ထူး-၂ ကျပ် ၇၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၇၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၈၀၀ နှင့် အောင်ပန်း ထူး-၅ ကျပ် ၆၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၇၅၀ ( ၅၂၅၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၉၀၀ ( ၈၇၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၁၅၀ ( ၃၄၅၀၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: (Domestic(Ygn) MITC**

## ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်တွင် ဝါများ ဈေးကောင်းရနေ




ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်တွင် ဝါစတင်ထွက်ရှိချိန်က ဝါအရည်အသွေးကောင်းလျှင် တစ်ပိဿာလျှင် (၂၃၀၀)ကျပ်၊ ဝါအရည်အသွေးနိမ့်လျှင် (၂၁၀၀)ကျပ်ဖြင့် ဈေးဖွင့်ဝယ်ယူခဲ့သော်လည်း တောင်သူများအနေဖြင့် စိုက်စရိတ်များ တွက်ခြေကိုက်ရေးအတွက် တောင်သူအနည်းငယ်သာ ဝါစက်များသို့ လာရောက်ရောင်းချကြောင်း၊ ဝါသီးနှံ အထွက်လှိုင်ချိန်မှာတော့ တောင်သူများအနေဖြင့် ဝါတစ်ပိဿာလျှင် (၂၈၀၀-၂၉၀၀)ကျပ်၊ ဝါဂွမ်း တစ်ပိဿာလျှင် (၇၀၀၀)ကျပ်၊ ဝါစေ့တစ်ပိဿာလျှင် (၁၁၅၀)ကျပ်ဖြင့် ဈေးရရှိခဲ့ပါသည်။ ယခုနှစ် ဖေဖော်ဝါရီလလယ်ပိုင်းတွင် ချည်မျှင်ရှည်ဝါများ အကုန်ရိတ်သိမ်းပြီးဖြစ်၍ ဈေးကွက်တွင် ဝါကြီးများသာ ရှိတော့ကြောင်း၊ ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ဝါသီးနှံလက်ကျန်နည်းလာခြင်း၊ အဝယ်လိုက်လာခြင်းတို့ကြောင့် ဝါတစ်ပိဿာလျှင် (၃၁၅၀) ကျပ်ဖြင့် တောင်သူများဈေးကောင်းရနေပြီး ဝါဂွမ်းအား မန္တလေးနှင့်မူဆယ်ဈေးကွက် ဝယ်လိုအားများသောကြောင့် ဝါဂွမ်းတစ်ပိဿာလျှင် (၇၃၀၀)ကျပ်ရရှိပြီး ဝါစေ့တစ်ပိဿာလျှင် (၁၁၅၀)ကျပ်ဖြင့်သာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**Source: DOCA(ပဲခူး)**

https://www.commerce.gov.mm/my/article/update-news-local-trade

## ရွှေဘိုဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲစဉ်းငုံ



ရွှေဘိုမြို့ ပဲ၊ နှမ်း ကုန်စည်ဒိုင်တွင် ဒီဇင်ဘာလနောက်ဆုံးပတ်မှ စတင်၍ ပဲစဉ်းငုံများ စတင်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိပါကြောင်း၊ စတုတ္ထပတ်၌ ပဲစဉ်းငုံတစ်တင်းလျှင် (၆၆၀၀၀/-)ကျပ်ဖြင့် တစ်ရက်လျှင် တင်း(၁၈၀၀) ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်အရောင်းအဝယ်ဖြစ်မှုမှာ (၉၀၀၀)တင်း/(၂၉၄)တန်ဖြစ်ကြောင်း၊ ဈေးနှုန်းနှိုင်းယှဉ်ပါက ယခင်အပတ်ပေါက်ဈေးမှာ (၆၅၆၀၀/-)ကျပ်ရှိခဲ့သဖြင့် ပဲစဉ်းငုံတစ်တင်းလျှင် (၄၀၀/-)ကျပ် ဈေးပိုရရှိခဲ့ကြောင်း သိရသည်။

DOCA(စစ်ကိုင်း)

## တောင်ကိုရီးယားနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်လျက်ရှိ

တောင်ကိုရီးယားနိုင်ငံ၏ အထူးသံတမန်ဖြစ်သူ Jang Sung Min က ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်ချေများစွာရှိပြီး "အနာဂတ်မဟာဗျူဟာ"အတွက် နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုအဆင့်သို့တက်လှမ်းရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ကမ်းလှမ်းခဲ့ကြောင်း ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ပိုမိုခိုင်မာသော မိတ်ဖက်နိုင်ငံတစ်ခု ဖြစ်လာနိုင်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် ဆောင်ရွက်လိုကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်လိုသည်များ များစွာရှိသေးကြောင်း Jang Sung Min က ဒါကာမြို့ရှိ ဟိုတယ်တစ်ခုတွင်ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်နိုင်ရန် တောင်ကိုရီးယားသမ္မတ၏ အထူးကိုယ်စားလှယ်က အလေးပေးပြောကြားခဲ့ပြီး လာမည့်နှစ်ပေါင်း ၅၀ အတွင်း နှစ်နိုင်ငံအကြား ပိုမိုကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုများကို ၎င်း၏ယခုခရီးစဉ်ဖြင့် စတင်ခဲ့သည်ဟုလည်း ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းမြို့ရှိ ကိုရီးယားပို့ကုန်စီမံဆောင်ရွက်ရေးဇုန် (Korean EPZ) နှင့်ပတ်သက်သည့် မေးခွန်းကိုဖြေကြားရာတွင် အဖြေတစ်ခုရရှိရန် နှစ်နိုင်ငံလုံးက ဆွေးနွေးနေကြသည်ဟုဆိုခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း တဟုန်ထိုး စီးပွားရေး တိုးတက်မှုများရှိခဲ့ပြီး နိုင်ငံ၏တိုးတက်မှုနှုန်းသည် ကိုရီးယားနိုင်ငံထက် ပိုမိုမြန်ဆန်သည်ဟု ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး Jang Sung Min က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ် Sheikh Hasina ၊ နိုင်ငံခြားရေးဝန်ကြီး Dr AK Abdul Momen တို့နှင့် တွေ့ဆုံခဲ့ပြီး လာမည့်နှစ် ၅၀ အတွင်း ပိုမိုလေးနက်သောပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်မည့် အနာဂတ်ပူးပေါင်း ဆောင်ရွက်မှုနည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့ကြသည်။ ခရီးစဉ်တွင် တောင်ကိုရီးယားသမ္မတ၏ အထူးသံတမန် Jang Sung Min ဦးဆောင်သောအဖွဲ့ဝင် (၈) ဦးပါကိုယ်စားလှယ် အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်ခဲ့ပါသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး Dr Momen နှင့် တွေ့ဆုံစဉ်တွင် ကိုရီးယားသမ္မတနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ် ၅၀ သံတမန်ဆက်ဆံရေးကို ဂုဏ်ယူပြီးလာမည့်နှစ် ၅၀ အတွင်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုအရှိန်အဟုန်မြှင့်တင်သွားလိုကြောင်း အထူးသံတမန်က ပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံဆွေးနွေးမှုများတွင် ပြန်လည်အသုံးပြုနိုင်သောစွမ်းအင်များ၊ ဆေးဝါးများ၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ၊ ရေနက်ငါးဖမ်းလုပ်ငန်းများနှင့် ရိုဟင်ဂျာအရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဝန်ကြီးချုပ် Sheikh Hasina အစိုးရ၏ အံ့အားသင့်ဖွယ် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များနှင့် အောင်မြင်မှုများကို တောင်ကိုရီးယားဘက်မှ အသိအမှတ်ပြုခဲ့ပါသည်။

**Source:** https://www.dhakatribune.com/evening-brief/2023/02/14/evening-brief-190

https://www.commerce.gov.mm

## ယခုနှစ် ဇန်နဝါရီလ ထိုင်းဆန်တင်ပို့မှုပမာဏ ၇၅ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်



Thailand is the world's third-largest rice exporter after India and Vietnam. PHOTO: ST FILE

ထိုင်းနိုင်ငံ၏ ယခုနှစ် ဇန်နဝါရီလ ဆန်တင်ပို့မှုပမာဏသည် (၈၀၅,၅၁၉) တန်အထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ယခုနှစ်အစောပိုင်းတွင် ၇၅.၂ % ခန့် မြင့်တက်ခဲ့ကြောင်း၊ ထိုင်းဘတ်ငွေတန်ဖိုးကျဆင်းမှုနှင့် မြင့်တက်လာသည့် ကမ္ဘာ့အရှေ့ အလယ်ပိုင်းဒေသမှ ဆန်ဝယ်ကုန် အမှာစာများအပေါ် နှစ်ကုန်ခန့်က ဖြည့်တင်းတင်ပို့ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၂၇ ရက် နေ့တွင် ပြောကြားခဲ့သည်။

ဆန်တင်ပို့မှု တန်ဖိုးအနေဖြင့်လည်း ယခုနှစ် ဇန်နဝါရီလတွင် တစ်နှစ်ထက်တစ်နှစ် ၇၈.၇၆ % အထိ ပိုမိုမြင့်တက်ခဲ့ကြောင်းနှင့် ထိုင်းဘတ်ငွေ (၁၄.၂၈) ဘီလီယံခန့် (အမေရိကန်ဒေါ်လာ၅၄၈.၉မီလီယံခန့်) ရှိကြောင်း၊ ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Ronnarong Phoolpipat က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဇန်နဝါရီလ ဆန်တင်ပို့မှုသည် ထိတ်လန့်စရာကောင်းသည့်နှုန်းဖြင့် တိုးတက်လာခဲ့ကြောင်း၊ ဝန်ကြီးဌာန၏ ကုန်သွယ်မှုမြှင့်တင်ရေး ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့်လည်းဖြစ်ကြောင်း ၎င်းကထည့်သွင်းပြောကြားခဲ့ပြီး ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသ၊ အာရပ်နိုင်ငံအချို့၌ စိုက်ပျိုးရေးထွက်ကုန် နည်းပါးနေခြင်းနှင့် ဝယ်လိုအားပမာဏမြင့်မားနေခြင်းက ထိုင်းပို့ကုန်များထပ်မံတင်ပို့ရန် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ၎င်းက ကောက်နုတ်ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်တွင် အဆိုပါဒေသသို့ ထိုင်းဆန်တင်ပို့မှုသည်(၆၃၀,၀၀၀)တန်ခန့်သာ ရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်၌ ဆန်တန်ချိန် (၂.၀၂ မီလီယံ) တန် အထိ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ၎င်းပမာဏသည် ထိုင်းတစ်နိုင်ငံလုံး စုစုပေါင်း ဆန်တင်ပို့မှုပမာဏ၏ ၂၆ % ခန့်အထိရှိခဲ့ပြီး ထိုင်းနိုင်ငံအတွက် ကြီးမားသောဈေးကွက်တစ်ခုကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် Mr. Ronnarong က ထပ်လောင်းပြောကြားခဲ့သည်။

သို့သော်လည်း ထိုင်းဘတ်ငွေတန်ဖိုး ကျဆင်းနေမှုအပေါ် စောင့်ကြည့်အကဲခတ်ရန် လိုအပ်လျက်ရှိပြီး ဆန်တင်ပို့ရန်လျာထားချက်ပမာဏအပေါ်ကိုလည်း ပြန်လည်သုံးသပ်ဆောင်ရွက်ရန်လိုကြောင်း ၎င်းကပြောကြားထားသည်။ ယခင်နှစ်အောက်တိုဘာလနှိုင်းယှဉ်မှုအရ ထိုင်းဘတ်ငွေ တန်ဖိုးသည် အမေရိကန်ဒေါ်လာတန်ဖိုးအောက် ၁၃ % အထိသို့ ကျဆင်းခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်အတွက် ဆန်တင်ပို့ရန် လျာထားချက် (၈ မီလီယံ) တန်မှ (၇.၅ မီလီယံ)တန်သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ထိုင်းဘတ်ငွေတန်ဖိုးသည် အမေရိကန်တန်ဖိုးအောက် ၁.၅ % ဆက်လက်ကျဆင်းနေခဲ့ပြီး အာရှတွင် တတိယမြောက် အဆိုးရွားဆုံး ငွေကြေးတန်ဖိုးကျဆင်းမှုတစ်ခုဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘာ့ဆန်ဈေးကွက်တွင် ထိုင်းနိုင်ငံသည် ကမ္ဘာ့တတိယအကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏နောက်၌ ရပ်တည်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ထိပ်တန်းဆန်ဈေးကွက် နိုင်ငံများဖြစ်သော အမေရိကန်၊ တရုတ်၊ တောင်အာဖရိကနှင့် အီရတ်နိုင်ငံများသို့ စုစုပေါင်း ဆန်တန်ချိန်(၇.၆၉ မီလီယံ)တန်အထိ တင်ပို့နိုင်ခဲ့ပြီး ဆန်တင်ပို့ရန်လျာထားချက်(၇.၅ မီလီယံ)တန်ထက်ကျော်လွန်၍ ယခင်နှစ်ကာလတူထက် ၂၂.၁ % တိုးမြင့် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

https://www.reuters.com/markets/asia/ thai-january-rice-export-volume-up- 752-yy-ministry-2023-02-27/

https://www.commerce.gov.mm

Category: International News

## STOCK EXCHANGE (10.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,590 (Shares) | 8,931,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 6 | 49,800 | 33,109,694 | 274,811 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,200 | 3,250 | 3,200 | 1,675 | 5,437,000 | 38,929,150 | 126,520 |
| MCB | 00003 | 7,700 | +200 | +2.67% | 7,700 | 7,700 | 7,700 | 7 | 53,900 | 10,400,986 | 80,088 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 1,814 | 2,993,100 | 29,664,613 | 48,947 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 5 | 13,250 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 10 | 26,500 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 73 | 357,700 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 10th Mar. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.51 | +0.62 | +0.16% | 377.79 | 379.51 | 377.79 | 3,590 | 8,931,250 | 7 | 668,726 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 10th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 3,590 (Shares) | 8,931,250 (MMK) |

## Main Board

As of 1:00 pm, 10th Mar. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,590 (Shares) | 8,931,250 (MMK) |

| MYANPIX | 379.51 ▲ 0.62 |
|---|---|
| Total Volume (shares) | 3,590 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 668,726 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 200 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,650 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |